MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

## စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်များ နှင့်လေ့လာသုံးသပ်ချက်အား ထုတ်ပြန်ကြေညာခြင်း

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ကုမ္ပဏီ) သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ပထမ (၆)လအတွင်း သိသာထင်ရှားသော တိုးတက်မှု နှင့် ပြန်လည်ထူထောင်နိုင်စွမ်းကို ပြသခဲ့ပါသည်။ စိန်ခေါ်မှုများရှိသော ဈေးကွက်အခြေအနေများကြားမှ ၎င်း၏ ပိုင်ဆိုင်မှုအခြေခံကို မြှင့်တင်ခဲ့ပြီး ခိုင်မာပြီး ရေရှည်တည်တံ့သော ဘဏ္ဍာရေး အခြေအနေများကို ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

မြန်မာအက်ဂရိ အိတ်(စ်)(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၅ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပထမ(၆)လအတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေး ရှင်းတမ်း များအား ပူးတွဲထုတ်ပြန်ကြေငြာအပ်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖေါ်ပြထားခြင်း မရှိပါလျှင် ငွေပမာဏ ဖေါ်ပြချက် အားလုံးတို့မှာ မြန်မာကျပ်ငွေ ဖြစ်ပါသည်။

ယခုအစီရင်ခံသော ကာလမှာ ၂၀၂၅ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ အထိ (၆)လတာ ကာလ ဖြစ်ပါသည်။ နှိုင်းယှဥ်တင်ပြသော ကာလမှာ ၂၀၂၄ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ အထိ (၆)လတာ ကာလ ဖြစ်ပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းများအား မြန်မာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများ (MFRS) နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပ စာရင်းစစ်ဖြစ်သည့် ဝင်းသင် နှင့် အဖွဲ့မှ စစ်ဆေးထားပြီး ဖြစ်ပါသည်။

ထို ဘဏ္ဍာရေးရှင်းတမ်းများအား ဒါရိုက်တာအဖွဲ့မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် အတည်ပြုပြီး ဖြစ်ပါသည်။ ဆွေးနွေးချက် နှင့် လေ့လာသုံးသပ်ချက်တို့အား အောက်ပါအတိုင်း အသိပေး တင်ပြအပ်ပါသည်။

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

**အဓိကအချက်များ**

**ဘက်စုံဝင်ငွေရှင်းတမ်းအကျဉ်းချုပ်**

| - | **၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့ အထိ (၆ - လ) ကျပ်ထောင်ပေါင်း** | ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့ အထိ (၆ - လ) ကျပ်ထောင်ပေါင်း | ပြောင်းလဲမှု % |
|---|---|---|---|
| ဝင်ငွေ - အသားတင် | **၁၀,၈၉၄,၂၈၁** | ၁၆,၇၃၀,၉၀၉ | -၃၅% |
| အရင်းတန်ဖိုး | **(၅,၂၃၈,၀၅၃)** | (၈,၃၄၄,၉၇၁) | -၃၇% |
| အကြမ်းအမြတ် | **၅,၆၅၆,၂၂၈** | ၈,၃၈၅,၉၃၈ | -၃၃% |
| အခြားဝင်ငွေ | **၁,၅၅၅,၅၀၀** | ၁၆၁,၈၈၆ | ၈၆၁% |
| အသုံးစရိတ်များ | | | |
| - စီမံခန့်ခွဲမှု | **(၂,၃၅၉,၉၀၂)** | (၁,၅၀၃,၅၀၀) | ၅၇% |
| - အရောင်းမြှင့်တင်ခြင်း | **(၁၉,၉၉၆)** | (၂၃,၀၄၁) | -၁၃% |
| - ဘဏ္ဍာစရိတ် | **(၄၀၃,၄၉၃)** | (၂၁၇,၉၃၃) | ၈၅% |
| YCDC အမြတ်ဝေစုမနှုတ်မီ အမြတ် | **၄,၄၂၈,၃၃၇** | ၆,၈၀၃,၃၅၀ | -၃၅% |
| YCDC အတွက် အမြတ်ဝေစု | **(၇၇၄,၀၇၄)** | (၁,၇၀၁,၅၇၀) | -၅၅% |
| အခွန်မလျာထားမီ အသားတင်အမြတ် | **၃,၆၅၄,၂၆၃** | ၅,၁၀၁,၇၈၀ | -၂၈% |
| ဝင်ငွေခွန် | **(၃၉၄,၇၂၉)** | (၈၆၇,၃၀၃) | -၅၄% |
| ဘဏ္ဍာရေးနှစ်/ ကာလအတွက်စုစုပေါင်း ဝင်ငွေအလုံးစုံ | **၃,၂၅၉,၅၃၄** | ၄,၂၃၄,၄၇၇ | -၂၃% |
| ရှယ်ယာတစ်စု၏ဝင်ငွေ (တစ်စောင်လျှင် တန်ဖိုးကျပ်) | **၁၃၇** | ၁၇၈ | -၂၃% |
| **Diluted earnings per share (ကျပ်)** | **၁၃၇** | ၁၇၈ | -၂၃% |

၂၀၂၅ခုခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်ကုန်ဆုံးသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပထမ (၆)လ ကာလတွင် စုစုပေါင်းဝင်ငွေသည် ကျပ် ၁၀.၈၉ ဘီလီယံ ဖြစ်ပြီး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပထမ (၆)လတွင် စုစုပေါင်းဝင်ငွေသည် ကျပ် ၁၆.၇၃ ဘီလီယံ ရှိသဖြင့် ယခုအစီရင်ခံသောကာလတွင် ၃၅% လျော့သွားပါသည်။ အရောင်းဝင်ငွေကျသွားရခြင်းမှာ စည်ပင်သာယာမှ အကြောင်းကြားခဲ့သော မြေကွက် (၂၀) အတွင်းရှိ ရောင်းချပြီးအဆောက်အဦများကို အရောင်း

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

ပယ်ဖျက်ခဲ့ရသောကြောင့် အရောင်းဝင်ငွေ ကျဆင်းခဲ့ရပါသည်။ အလတ်စား လက်ကားဆိုင်ခန်းများအရောင်းဝင်ငွေမှာလည်း ကျပ် ၂.၇၉ ဘီလီယံ ဖြစ်ပြီး ယခင်နှစ် အလားတူကာလထက် ၈% လျော့သွားခဲ့ပါသည်။ သို့သော် ဈေးရုံဆိုင်ခန်းများအငှားမှ ဝင်ငွေတိုးတက်မှုသည်လည်း ကုမ္ပဏီ၏ရေရှည်တည်တံ့မည့် အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါသည်။ အခြားဝင်ငွေသည် ပုံသေပိုင်ဆိုင်မှုများ ရောင်းချခြင်းမှ ရရှိသော အမြတ်အစွန်းများ ပါဝင်သောကြောင့် ၈၆၁% သိသိသာသာ မြင့်တက်လာခဲ့သည်။

ဝင်ငွေများကို အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။

| | **၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့ အထိ (၆ - လ) ကျပ်ထောင်ပေါင်း** | ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့ အထိ (၆ - လ) ကျပ်ထောင်ပေါင်း | ပြောင်းလဲမှု % |
|---|---|---|---|
| **ဝင်ငွေများ** | | | |
| **Shop House အရောင်းမှ ဝင်ငွေ** | **၄,၀၃၁,၅၅၃** | **၆,၁၅၃,၂၀၄** | -၃၄% |
| **Medium Wholesales အရောင်းမှ ဝင်ငွေ** | **၂,၇၉၃,၂၀၄** | **၃,၀၂၆,၉၉၀** | -၈% |
| စက်သုံးဆီအရောင်းဆိုင်မြေနေရာ သုံးစွဲခွင့်ပေးခြင်း ဝင်ငွေ | - | **၄,၀၇၁,၁၀၉** | -၁၀၀% |
| **စု စု ပေါင်း အရောင်း ဝင်ငွေ** | **၆,၈၂၄,၇၅၇** | **၁၃,၂၅၁,၃၀၃** | -၄၈% |
| **ဈေးရုံလုပ်ငန်းများမှဝင်ငွေ** | | | |
| ဈေးရုံဆိုင်ခန်းများငှားရမ်းခြင်းမှဝင်ငွေ | **၂,၈၅၇,၉၇၃** | **၂,၄၇၃, ၉၉၄** | ၁၆% |
| ယာဉ်ဝင်ရောက်မှုကောက်ခံရရှိငွေ | **၆၇၄,၉၁၀** | **၆၀၂,၀၈၀** | ၁၂% |
| အအေးခန်းမှဝင်ငွေ | **၅၉,၈၈၃** | **၂၄,၅၄၄** | ၁၄၄% |
| အခြားဈေးရုံလုပ်ငန်းများမှ အထွေထွေဝင်ငွေ | **၂၉၃,၅၄၀** | **၂၄၉,၄၄၀** | ၁၈% |
| **စုစုပေါင်းဈေးရုံလုပ်ငန်းများမှဝင်ငွေ** | **၃,၈၈၆,၃၀၇** | **၃,၃၅၀,၀၅၇** | ၁၆% |
| **E Commerce ကုန်ရောင်းရငွေ** | **၁၈၃,၂၁၇** | **၁၂၉,၅၄၉** | ၄၁% |
| **စုစုပေါင်းဝင်ငွေများ** | **၁၀,၈၉၄,၂၈၁** | **၁၆,၇၃၀,၉၀၉** | -၃၅% |

ဤအစီရင်ခံသည့်ကာလအတွင်း အဓိကဝင်ငွေမှာ Shop House များရောင်းချငွေဖြစ်ပါသည်။ Shop House များ ရောင်းရငွေမှာ ကျပ် ၄.၀၃ ဘီလီယံ ရရှိခဲ့၍ ၊ ယခင်ဘဏ္ဍာရေးနှစ် အလားတူကာလတွင် ကျပ် ၆.၁၅ဘီလီယံ ရရှိခဲ့သဖြင့် ယခု အစီရင်ခံသည့် ကာလအတွင်း ယခင်နှစ်ထက် ၃၄% လျော့သွားခဲ့ပါသည်။ ယခုနှစ်တွင် Medium Wholesales ဆိုင်ခန်းများရောင်းချမှုမှ ကျပ် ၂.၇၉ ဘီလီယံရရှိခဲ့ပါသည်။

ယခုအစီရင်ခံသည့်ကာလအတွင်း ဈေးရုံလုပ်ငန်းမှ ဝင်ငွေများမှာ ကျပ် ၃.၈၉ ဘီလီယံခန့်ရှိပြီး၊ ယခင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပထမ (၆)လတာကာလတွင် ကျပ် ၃.၃၃ ဘီလီယံသာရှိသဖြင့် ယခင်နှစ်ထက် ၁၆%တိုးတက်ခဲ့ပါသည်။ ဤတိုးတက်မှုသည်ကုမ္ပဏီ၏ ထိရောက်သောရင်းနှီးမြှုပ်နှံထားသည့် ပိုင်ဆိုင်ပစ္စည်းများ အပေါ်စီမံခန့်ခွဲမှုနှင့် ဈေးရုံ ဆိုင်ခန်း နေရာများအတွက် မြင့်မားသောဆိုင်ခန်းနေရာငှားရမ်းလိုမှု၏ သက်သေခံချက်တစ်ခုဖြစ်ပါသည်။

အကြမ်းအမြတ်မှာ ယခုအစီရင်ခံသောကာလ အတွင်း ကျပ် ၅.၆၆ ဘီလီယံခန့်ရှိပြီး ယခင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အလားတူကာလတွင် ကျပ် ၈.၃၉ ဘီလီယံခန့်ရှိသောကြောင့် ၃၃% လျော့သွားပါသည်။

စုစုပေါင်း အသားတင်အမြတ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပထမ (၆)လတွင် ကျပ် ၄.၂၃ဘီလီယံ မှ ယခု အစီရင်ခံသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပထမ (၆)လတွင် ကျပ် ၃.၂၆ ဘီလီယံ သို့ ၂၃% လျော့သွားခဲ့ပါသည်။ Shop House များ နှင့် Medium Wholesales ဆိုင်ခန်းများရောင်းချမှု လျော့သွားခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီ၏၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေအနှစ်ချုပ် ရှင်းတမ်းကို ၂၀၂၅ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ တွင် ကုန်ဆုံးသော ယခင်ဘဏ္ဍာရေးနှစ် အခြေအနေနှင့်အောက်ပါအတိုင်း ယှဉ်တွဲဖော်ပြအပ် ပါသည်။

၂၀၂၅ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေ အကျဉ်းချုပ်

| | **၂၀၂၅ခုနှစ် စက်တင်ဘာလ (၃၀) ရက်** | ၂၀၂၅ခုနှစ် မတ်လ (၃၁) ရက် | ပြောင်းလဲမှု | |
|---|---|---|---|---|
| | **ကျပ်ထောင်ပေါင်း** | ကျပ်ထောင်ပေါင်း | | % |
| **ရပိုင်ခွင့်များ** | | | | |
| လက်ငင်းရပိုင်ခွင့်များ | **၂၉,၃၇၃,၀၁၃** | ၃၂,၂၃၈,၆၆၀ | ▼ | -၉% |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | **၄၁,၄၁၁,၁၈၂** | ၄၀,၆၆၂,၁၈၁ | ▲ | ၂% |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၇၀,၇၈၄,၁၉၅** | ၇၂,၉၀၀,၈၄၁ | ▼ | -၃% |
| **ပေးရန်တာဝန်များ** | | | | |
| လက်ငင်းပေးရန်တာဝန်များ | **၂၈,၇၇၂,၆၅၅** | ၃၃,၃၂၂,၄၉၈ | ▼ | -၁၄% |

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

| | | | | |
|---|---|---|---|---|
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | **၅,၇၇၀,၄၆၃** | ၆,၅၉၆,၈၀၀ | ▼ | -၁၃% |
| **စုစုပေါင်းပေးရန်တာဝန်များ** | **၃၄,၅၄၃,၁၁၈** | ၃၉,၉၁၉,၂၉၈ | ▼ | -၁၃% |
| **အသားတင် ရပိုင်ခွင့်များ** | **၃၆,၂၄၁,၀၇၇** | ၃၂,၉၈၁,၅၄၃ | ▲ | ၁၀% |
| **ရင်းနှီးငွေ** | | | | |
| ထုတ်ဝေပေးသွင်းပြီးရှယ်ယာရင်းနှီးငွေ | **၂၄,၉၉၉,၁၃၀** | ၂၄,၉၉၉,၁၃၀ | | ၀% |
| အမြတ်လက်ကျန်များ | **၁၁,၂၄၁,၉၄၇** | ၇,၉၈၂,၄၁၃ | ▲ | ၄၁% |
| **ရင်းနှီးငွေများ** | **၃၆,၂၄၁,၀၇၇** | ၃၂,၉၈၁,၅၄၃ | ▲ | ၁၀% |

ကုမ္ပဏီ၏ စုစုပေါင်း ရပိုင်ခွင့်များသည် ကျပ် ၇၂.၉ဘီလီယံ မှ ကျပ် ၇၀.၇၈ ဘီလီယံ သို့ အနည်းငယ် လျော့ကျသွားခဲ့ပါသည်။ ၎င်းသည် အဓိကအားဖြင့် ပုံသေပိုင်ပစ္စည်းဖြစ်သော ရုံးအဆောက်အဦးပြန်လည်ရောင်းချခဲ့ခြင်း နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်ရေးလုပ်ငန်းများရပ်ဆိုင်းရန် အကြောင်းကြား ထားသော ဇေ (၂၀) မြေအတွင်းမှ ရောင်းချပြီး Shop House များ အရောင်းဖျက်သိမ်း၍ ငွေပြန်အမ်းခဲ့ရသောကြောင့် ငွေ နှင့် ဘဏ်လက်ကျန် လျော့သွားခြင်းကြောင့် ဖြစ်ပါသည်။

စုစုပေါင်း ပေးရန်တာဝန်များသည်လည်း ကျပ် ၃၉.၉ ဘီလီယံ မှ ကျပ် ၃၄.၅၄ ဘီလီယံ သို့ ၁၃% လျော့သွားခဲ့ပါသည်။

လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ သည် ကျပ် ၆.၆ ဘီလီယံ မှ ကျပ် ၅.၇ ဘီလီယံ သို့ လျော့သွားခဲ့ပါသည်။ ၎င်းသည် ကာလရှည်ချေးငွေများအပေါ် ပြန်လည်ပေးဆင်ရမည့် အရစ်အတိုင်း ပေးဆပ်ထားသောကြောင့် ဖြစ်ပါသည်။

လက်ငင်းပေးရန်တာဝန်များ သည် ကျပ် ၃၃.၃၂ ဘီလီယံ မှ ကျပ် ၂၈.၇၇ ဘီလီယံ သို့ လျော့သွားခဲ့ပါသည်။ ၎င်းသည် ကြိုတင်ရောင်းချထားသော Shop Houseများ နှင့် အလတ်စားဈေးရုံဆိုင်ခန်းများ၏ ကြိုတင်ရငွေများ အရောင်းဖြစ်သွားသောကြောင့် ဖြစ်ပါသည်။

ရှယ်ယာရှင်တို့၏ ပိုင်ဆိုင်မှုတန်ဖိုး သည် ကျပ် ၃၂.၉၈ ဘီလီယံ မှ ကျပ် ၃၆.၂၄ ဘီလီယံ သို့ တိုးတက်လာပါသည်။ ၎င်းသည် စုဆောင်းထားအမြတ်ငွေ တိုးလာသောကြောင့် ဖြစ်ပါသည်။

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

**ကုမ္ပဏီ၏ ငွေသားစီးဆင်းမှုရှင်းတမ်း အနှစ်ချုပ် ကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။**

**၂၀၂၅ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ် ပထမ (၆)လ၏ ငွေသားစီးဆင်းမှု အကျဉ်းချုပ်**

| | **၂၀၂၅ခုနှစ် ဧပြီလ (၁) ရက်မှ စက်တင်ဘာလ (၃၀) ရက် ကျပ်ထောင်ပေါင်း** | ၂၀၂၄ခုနှစ် ဧပြီလ (၁) ရက်မှ စက်တင်ဘာလ (၃၀) ရက် ကျပ်ထောင်ပေါင်း |
|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များမှငွေသားစီးဆင်းမှုများ** | | |
| အခွန်မနှုတ်မီအသားတင်အမြတ် | **၃,၆၅၄,၂၆၃** | ၅,၁၀၁,၇၈၀ |
| ရငွေ၊ပေးငွေနှင့်သက်ဆိုင်ခြင်းမရှိသောအရာများအတွက် ကိုက်ညှိမှုတန်ဖိုး | **(၆၆၀,၅၄၅)** | ၅၄၄,၀၅၉ |
| **လည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်မီလုပ်ငန်းဆောင်ရွက်ချက်အမြတ်** | **၂,၉၉၃,၇၁၈** | ၅,၆၄၅,၈၃၉ |
| **လည့်လည်ရင်းနှီးငွေပြောင်းလဲမှုများ** | **(၆,၇၇၂,၈၉၉)** | ၄,၄၆၇,၉၂၅ |
| **လုပ်ငန်းဆောင်ရွက်ချက်များမှငွေသားစီးဆင်းမှု** | **(၃,၇၇၉,၁၈၁)** | ၁၀,၁၁၃,၇၆၄ |
| အတိုးရရှိငွေ | **၁၅၀,၂၅၂** | ၉၄,၈၈၇ |
| ဝင်ငွေခွန်ပေးငွေ | **(၁၀၀,၀၀၀)** | (၁၀၀,၀၀၀) |
| **လုပ်ငန်းဆောင်ရွက်ချက်များမှ အသားတင်ငွေသားစီးထွက်မှု** | **(၃,၇၂၈,၉၂၉)** | ၁၀,၁၀၈,၆၅၁ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားအသုံးပြုမှု** | **(၂၁၁,၅၃၇)** | (၅,၇၈၇,၂၆၃) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသားအသုံးပြုမှု** | **(၈၃၆,၇၆၈)** | (၅,၃၉၃,၈၁၅) |
| **ငွေသားအသားတင်စီးဝင်ငွေ / (စီးထွက်ငွေ)** | **(၄,၇၇၇,၂၃၄)** | (၁,၀၇၂,၄၂၇) |
| နှစ်စရှိငွေ နှင့်ဘဏ်လက်ကျန် | **၅,၆၄၄,၆၇၇** | ၂,၅၅၂,၄၃၂ |
| **နှစ်ဆုံးရှိငွေ နှင့်ဘဏ်လက်ကျန်** | **၈၆၇,၄၄၃** | ၁,၄၈၀,၀၀၅ |

လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးထွက်မှု သည် ကျပ် ၃.၇၃ ဘီလီယံခန့် ဖြစ်ပါသည်။ ၎င်းသည် အသားတင်အမြတ်တွင်ပါဝင်နေသော ပုံသေပိုင်ပစ္စည်းရောင်းချမှုအမြတ်ငွေ ပြန်ညှိခြင်း၊ ကြိုတင်ရောင်းချထားသော Shop House များ နှင့် Medium Wholesale အခန်းများ အရောင်းဖြစ်သွားသောကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီသည် ကျပ် ၂၁၁.၅၄ မီလီယံခန့်ကို ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ နှင့် ပုံသေပိုင်ပစ္စည်းများတွင် ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၎င်းသည် ရေရှည် ဝင်ငွေတိုးတက်ရရှိရန်နှင့် ချဲ့ထွင်ရန်အတွက် ကုမ္ပဏီ၏ ကတိကဝတ်ကို ပြသပါသည်။ ဤရင်းနှီးမြှုပ်နှံမှုများသည် အနာဂတ်တွင် ဝင်ငွေရရှိမှု အတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသားသုံးစွဲမှုမှာ ကျပ် ၈၃၆.၇၇ မီလီယံခန့် ဖြစ်ပြီး၊ ၎င်းသည် ရယူထားသော ချေးငွေကို ပြန်လည်ပေးဆင်ရမည့် အရစ်အတိုင်း ပေးဆပ်ငွေ နှင့် အစုရှယ်ယာရှင်များအား အမြတ်ဝေစု ထုတ်ပေးငွေတို့ ဖြစ်ပါသည်။ ထိုဘဏ္ဍာငွေသုံးစွဲမှုသည် ကုမ္ပဏီ၏ Credit Score ကို တက်စေ၍ အစုရှယ်ယာရှင်များ၏ ယုံကြည်မှုကို တိုးတက်စေပါသည်။

**အဓိက ဘဏ္ဍာရေးအချိုးများ**

**Earnings per Share (EPS)**

Basic Earnings per Share (EPS) သည် ကျပ် ၁၇၈ မှ ကျပ် ၁၃၇ သို့ ၂၃% လျော့ခဲ့ပါသည်။

**ရှယ်ယာရှင်တို့၏ ပိုင်ဆိုင်မှုတန်ဖိုး အပေါ်ပြန်ရနှုန်း (Return on Equity (ROE))**

ROE သည် ၁၆.၀% မှ ၁၀.၆% သို့ လျော့ခဲ့သော်လည်း အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှုတန်ဖိုး (Equity) အပေါ် သိသာထင်ရှားသော အကျိုးအမြတ်များ ထုတ်ပေးနိုင်သည့် ကုမ္ပဏီ၏စွမ်းရည်ကို ထင်ဟပ်လျက်ရှိနေပါသည်။

**ရှယ်ယာရှင်တို့၏ ရပိုင်ခွင့်တန်ဖိုး အပေါ်ပြန်ရနှုန်း (Return on Assets (ROA))**

ROA သည် ၇.၈ % မှ ၅.၁% သို့ လျော့ခဲ့ပါသည်။ ၎င်းမှာ ကုမ္ပဏီ၏ ရေရှည်ဝင်ငွေ ရရှိစေမည့် ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ (အဆောက်အဦးများ) ၄% တိုးလာသောကြောင့် ဖြစ်ပါသည်။

**အကြမ်းအမြတ်ရာခိုင်နှုန်း (Gross Profit Margin)**

အကြမ်းအမြတ်ရာခိုင်နှုန်းသည် ၅၀.၀၆% မှ ၅၁.၉% သို့ တိုးလာခဲ့ပါသည်။ ယင်းမှာ ဆောက်လုပ်ရေး စရိတ်များ နှင့် စျေးရုံတိုက်ရိုက်စရိတ်များ ထိန်းချုပ်နိုင်သောကြောင့်ဖြစ်ပါသည်။

**စုစုပေါင်းအသားတင်အမြတ်ရာခိုင်နှုန်း (Net Profit Margin)**

စုစုပေါင်းအသားတင်အမြတ်ရာခိုင်နှုန်းသည် ၂၅.၃၄% မှ ၂၉.၉၂% သို့ တိုးတက်ကာ၊ ကုမ္ပဏီ၏ အမြတ်တိုးတက် မြင့်မားလာမှုကို ပြသပါသည်။

**လက်ငင်းအချိုး (Current Ratio)**

လက်ငင်းအချိုးသည် ၀.၉၇ မှ ၁.၀၂ သို့ တိုးတက်ကာ၊ ကုမ္ပဏီ၏ ခိုင်မာသော ငွေဖြစ် လွယ်မှု အနေအထား ထိန်းသိမ်းထားနိုင်ပါသည်။ ဤအချိုးသည် ကုမ္ပဏီ၏ လက်ငင်းပိုင်ဆိုင်မှုများနှင့် ၎င်း၏ ရေတို (တစ်နှစ်အတွင်း) ပေးချေရန်တာဝန်ရှိသောငွေကို ဖြည့်ဆည်းပေးချေနိုင်မှုကို ပြသပါသည်။

### ချေးငွေ နှင့် ပိုင်ဆိုင်မှုတန်ဖိုးအချိုး (Debt to Equity Ratio)

ချေးငွေ နှင့် ပိုင်ဆိုင်မှုတန်ဖိုးအချိုးသည် ၀.၂ မှ ၀.၁၆ သို့ အနည်းငယ်လျော့ကျကာ၊ ကုမ္ပဏီ၏ တိုးတက်ရေးအတွက် ချေးငွေများကို အကျိုးရှိစွာ အသုံးပြုကာ ပြန်လည်ပေးဆပ်ရမည့်ငွေကို အရစ်အတိုင်း ပေးဆပ်နိုင်ပါသည်။ ယင်းမှာ တိကျသော ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ညွှန်ပြပါသည်။

### Quick Ratio

Quick ratio သည် ၀.၃၄ မှ ၀.၂၈ သို့ အနည်းငယ်ကျဆင်းခဲ့ပါသည်။ ယင်းမှာ အစီရင်ခံသည့်ရက်ရှိ ငွေ နှင့် ဘဏ်လက်ကျန် နည်းနေသောကြောင့် ဖြစ်ပါသည်။

### Interest Coverage Ratio

Interest coverage ratio သည် ၁၀.၄၅ ဖြစ်ပြီး ကုမ္ပဏီ၏ လုပ်ငန်း လုပ်ဆောင်မှုဝင်ငွေမှ ပေးချေရန် အတိုးငွေကို လွယ်ကူတိကျစွာ ပေးချေနိုင်မှုကို ပြသသည်။

### လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှုအချိုး

လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင် ငွေသား စီးဝင်မှုအချိုး သည် ၀.၃ မှ -၀.၁၃ ကျဆင်းခဲ့ပါသည်။ ယင်းမှာ Project အသစ်အတွက် ကြိုတင်ငွေ နှင့် အသုံးစရိတ်များ ထုတ်ပေးထားသောကြောင့် ဖြစ်ပါသည်။ ယခုအခါ လိုအပ်သော ဘဏ္ဍာငွေ ရှာဖွေမှုများကို ဆောင်ရွက် ရရှိထားပြီးဖြစ်ပါသည်။

### Asset Turnover Ratio

Asset turnover ratio သည် ၀.၂၆ မှ ၀.၁၅ သို့ အနည်းငယ်ကျဆင်းခဲ့သော်လည်း ရပိုင်ခွင့်များ ကို အကျိုးရှိစွာ အသုံးပြု၍ ဝင်ငွေ တိုးတက်အောင် ဆောင်ရွက်နိုင်မှုကို ပြသလျက်ရှိပါသည်။

ဤအချိုးများသည် ကုမ္ပဏီ၏ခိုင်မာသောငွေဖြစ်လွယ်မှုအနေအထား၊ ထိရောက်သောပိုင်ဆိုင်မှုအသုံးချမှုနှင့် ထိရောက်သော ငွေကြေး စီးဆင်းမှုစီမံခန့်ခွဲမှုတို့ကို မီးမောင်းထိုး ပြပြီး ၎င်း၏ခိုင်မာသော ဘဏ္ဍာရေး အခြေအနေကို အလေးပေး ဖော်ပြပါသည်။

### အနာဂါတ် အလားအလာ

Myanmar Agro Exchange Public Company Limited (MAEX) သည် ၎င်း၏ မဟာဗျူဟာမြောက် လုပ်ဆောင်မှုများနှင့် ခိုင်မာသော ဘဏ္ဍာရေးစွမ်းဆောင်ရည်ကြောင့် ရေရှည်တည်တံ့သော တိုးတက်မှုအတွက် အသင့်ဖြစ်နေပါသည်။ တညင်းကုန်း လက်ကားဈေးတွင် ဈေးအဆောက်အအုံများ၊ ဆိုင်ခန်းများနှင့် အလတ်စား လက်ကားအဆောက်အအုံများကို အောင်မြင်စွာ ပြီးစီးခြင်းနှင့် စီမံကိန်းအစီအစဉ်အတိုင်း အလတ်စား

No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

လက်ကားအဆောက်အအုံများကို ဆက်လက် တည်ဆောက်ခြင်းသည် အနာဂတ် တိုးချဲ့မှုအတွက် ခိုင်မာသော အုတ်မြစ်ချပေးနေပါသည်။

MAEX သည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် Assembly Market ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကိုလည်း အာရုံစိုက်ဆောင်ရွက်နေပါသည်။ ဤစီမံကိန်းသည် ရန်ကုန်ပြင်ပတွင် လုပ်ငန်းလည်ပတ်မှုများကို တိုးချဲ့ရာတွင် ကုမ္ပဏီ၏ ပထမခြေလှမ်းကို ကိုယ်စားပြုပါသည်။

ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (YCDC) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် MAEX သည် အိမ်ခြံမြေငှားရမ်းခနှင့် အိမ်ခြံမြေရောင်းချမှုမှ အသားတင်အမြတ်ငွေ၏ ၂၅% ကို ခွဲဝေပေးခြင်းဖြင့် ရန်ကုန်မြို့နှင့် ဒေသဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ အထောက်အကူပြုပါသည်။ ကုမ္ပဏီသည် ၎င်း၏ Corporate Social Responsibility (CSR) လုပ်ဆောင်မှုများကိုလည်း ဆက်လက်အားကောင်းစေခဲ့သည်။ အစီရင်ခံကာလအတွင်း သဘာဝဘေးအန္တရာယ်များ ခံစားခဲ့ရသော နေရာများသို့ သွားရောက် လှူဒါန်းခြင်းသည်လည်း ကုမ္ပဏီ၏ ရပ်ရွာလူထုကို ပံ့ပိုးရန် ကတိကဝတ်ကို ပြသနေပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ပထမနှစ်ဝက်သည် Myanmar Agro Exchange Public Company Limited အတွက် ထူးခြားသော ဘဏ္ဍာရေးစွမ်းဆောင်ရည်၊ အောင်မြင်သော မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများဖြင့် ထင်ရှားသော အချိန်ကာလတစ်ခုဖြစ်ပါသည်။

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

## AUDITED FINANCIAL STATEMENTS AND MANAGEMENT DISCUSSION & ANALYSIS

Myanmar Agro Exchange Public Company Limited (the "Company") has demonstrated substantial growth and resilience in the period ending September 30, 2025. Despite challenging market conditions, enhanced its asset base, and maintained robust financial health.

The Board of Directors of Myanmar Agro Exchange Public Company Limited ("MAEX") wishes to announce the release of the Company's audited financial statements and Management Discussion and Analysis ("MD&A") for the period ending September 30, 2025 (first half of the financial year 2025-2026). Unless otherwise specified, all currency amounts in the MD&A are expressed in Myanmar Kyats (MMK).

The current reported period covers the six months from April 1 to September 30, 2025. We are illustrating a comparison of the six months same period from the last financial year. It is from April 1 to September 30, 2024.

The financial statements are prepared under Myanmar Financial Reporting Standards (MFRS) and audited by the Independent Auditor, Win Thin and Associates.

The Board of Directors approved this document on 23rd December 2025. The discussion and analysis are provided below:

## KEY HIGHLIGHTS

### Summary of the Statements of Comprehensive Income

| | **From 1st April 2025 to 30th September 2025** | From 1st April 2024 to 30th September 2024 | % Change |
|---|---|---|---|
| | **MMK'000** | MMK'000 | |
| **Revenue** – net | **10,894,281** | 16,730,909 | -35% |
| Cost of sales | **(5,238,053)** | (8,344,971) | -37% |
| **Gross profit** | **5,656,228** | 8,385,938 | -33% |
| Other income | **1,555,500** | 161,886 | 861% |
| **Expenses** | | | |
| - General and administrative | **(2,359,902)** | (1,503,500) | 57% |
| - Marketing | **(19,996)** | (23,041) | -13% |
| - Finance charges | **(403,493)** | (217,933) | 85% |
| **Profit before Share of profit to YCDC** | **4,428,337** | 6,803,350 | -35% |

| | | | |
|---|---|---|---|
| Share of profit to YCDC | **(774,074)** | (1,701,570) | -55% |
| Profit before tax | **3,654,263** | 5,101,780 | -28% |
| Income tax expense | **(394,729)** | (867,303) | -54% |
| **Comprehensive income for the period** | **3,259,534** | 4,234,477 | -23% |
| **Earnings per share (Kyat)** | **137** | 178 | -23% |
| **Diluted earnings per share** | **137** | 178 | -23% |

The total revenue for the reporting period is MMK 10.89 billion, a 35% decrease from the total income of MMK 16.73 billion in the previous year. The decrease in sales revenue was due to the cancellation of the sale of shophouses within the (20) acres of land notified by the Yangon City Development Committee, resulting in a decrease in sales revenue. But, rental income from market buildings contributed substantially to the total revenue. Other Income significantly increased 861% due to include the gained on fixed asset disposal.

A breakdown of income is set forth below:

| | **From 1st April 2025 to 30th September 2025 MMK'000** | From 1st April 2024 to 30th September 2024 MMK'000 | % Change |
|---|---|---|---|
| Revenues | | | |
| Income from Sales of Shop House | **4,031,553** | 6,153,204 | -34% |
| Income from Sales of Medium Wholesales | **2,793,204** | 3,026,990 | -8% |
| Income from Land Use Right for Fuel Station | **0** | 4,071,109 | -100% |
| Total Sales Income | **6,824,757** | 13,251,303 | -48% |
| Market Operating Income | | | |
| Rental Income from Market Buildings | **2,857,973** | 2,473,994 | 16% |
| Cars, Trucks & Cycles Entrance | **674,910** | 602,080 | 12% |
| Revenue from Cold Storage | **59,883** | 24,544 | 144% |
| Other Operation Income | **293,540** | 249,440 | 18% |
| Total Market Operating Income | **3,886,307** | 3,350,057 | 16% |
| Revenue from E-Commerce | **183,217** | 129,549 | 41% |
| Total Revenues | **10,894,281** | 16,730,909 | -35% |

During the reporting period, sales revenue for shop house was MMK 4.03 billion, a 34% decrease from the total revenue of MMK 6.15 billion in last year same period. Sales Revenue from medium wholesale units was MMK 2.79 billion during the reporting period.

Revenues from the market operating income were MMK 3.89 billion but the previous year same period were MMK 3.35 billion. It is 16 % more than last year. This growth is a testament to the company's effective property management and the high demand for market rental spaces.

Gross profit was 5.66 billion and 33% less than in the prior year same period, due to decrease in shophouses sales.

The net profit for the year was MMK 3.26 billion, 23% less than previous year same period due to decrease in shophouses sales and sales for medium wholesale units.

The summary of the financial position of the Company for the first half year ended 30 September 2025 and the previous fiscal year ended 31 March 2025 are compared as follows:

**Summarized Statement of Financial Position as at 30th September 2025**

| | **30-Sep-2025 MMK'000** | 31-Mar-2025 MMK'000 | Change % |
|---|---|---|---|
| **Assets** | | | |
| Current assets | **29,373,013** | 32,238,660 | ▼ **-9%** |
| Non-current assets | **41,411,182** | 40,662,181 | ▲ **2%** |
| **Total assets** | **70,784,195** | 72,900,841 | ▼ **-3%** |
| **Less: Liabilities** | | | |
| Current liabilities | **28,772,655** | 33,322,498 | ▼ **-14%** |
| Non-current liabilities | **5,770,463** | 6,596,800 | ▼ **-13%** |
| **Total liabilities** | **34,543,118** | 39,919,298 | ▼ **-13%** |
| **Net Assets** | **36,241,077** | 32,981,543 | ▲ **10%** |

| | | | |
|---|---|---|---|
| **Equity** | | | |
| Issued Share Capital | **24,999,130** | 24,999,130 | **N/A** |
| Retained Earnings | **11,241,947** | 7,982,413 | ▲ **41%** |
| **Total Equity** | **36,241,077** | 32,981,543 | ▲ **10%** |

The Company's total assets decreased slightly from MMK 72.9 billion in the previous year to MMK 70.78 billion in the current reporting period. The decrease was due to the sale of a office building included in the properties, plant, and equipment and decrease in cash and cash equivalents for we refunded for sales of shophouse in the (20) acres of land notified by the Yangon City Development Committee.

Total liabilities also decreased 13% to MMK 34.54 billion from MMK 39.92 billion.

Non-current liabilities reduced 13% to MMK 5.77 billion from MMK 6.6 billion, reflecting the long-term borrowings were settled as per schedule.

Current liabilities decreased 14% to MMK 28.77 billion from MMK 33.32 billion. This is due to the settlement of deposit and advance payments and the reduction in provisions.

Equity increased to MMK 36.24 billion from MMK 32.98 billion, for increase in Retained Earnings.

The summary of the Company's cash flow statement is as follows:

**Summary Cash Flow Statement for the first half year ended 30th September 2025**

| | **1st April 2025 to 30th September 2025 MMK'000** | 1st April 2024 to 30th September 2024 MMK'000 |
|---|---|---|
| **Cash flows from operating activities** | | |
| Profit before tax | **3,654,263** | 5,101,780 |
| *Adjustments for items not involving the movement of fund* | *(660,545)* | 544,059 |
| Operating profit before working capital changes | 2,993,718 | 5,645,839 |
| Changes in working capital | (6,772,899) | 4,467,925 |
| Cash generated from the operation | (3,779,181) | 10,113,764 |
| Interest received | 150,252 | 94,887 |

| | | |
|---|---|---|
| Income tax paid | (100,000) | (100,000) |
| **Net cash useed by operating activities** | **(3,728,929)** | 10,108,651 |
| **Net cash used in investing activities** | **(211,537)** | (5,787,263) |
| **Net cash used in financing activities** | **(836,768)** | (5,393,815) |
| **Net decrease in cash and cash equivalents** | **(4,777,234)** | (1,072,427) |
| Cash and cash equivalents at the beginning of the period | **5,644,677** | 2,552,432 |
| **Cash and cash equivalents at the end of the period** | **867,443** | 1,480,005 |

The net cash used in operating activities was MMK 3.73 billion. It was due to adjustment of gained from fixed asset disposal included in the Profit before tax, and the sales of advance sales shop houses and medium wholesale units in the deposit and advance, increased in advance payment for new business project.

The Company invested MMK 211.54 million in investment property, plant, and equipment, demonstrating its commitment to long-term growth and expansion. These investments were primarily directed towards the construction and development of market infrastructure, which is expected to generate future revenue streams.

Net cash used by financing activities was MMK 836.77 million, which schedule payment to borrowings and dividend paid to shareholders. This use of funds increases the company's credit score and improves the trust of shareholders.

**Key Financial Ratios**

**Earnings per Share (EPS)**

Basic EPS and diluted EPS decreased 23% to MMK 137 from MMK 178.

**Return on Equity (ROE)**: ROE decreased to 10.6% from 16.0%, but the company can generate significant returns on shareholders' equity.

**Return on Assets (ROA)**: ROA decreased 5.1% from 7.8% for investment properties increased 4% which can be generated the revenue in future.

**Gross Profit Margin**: The gross profit margin increased to 51.9% from 50.06% due to control the construction cost and market operation cost.

**Net Profit Margin**: The net profit margin increased to 29.92% from 25.34%, showcasing the Company's enhanced profitability.

**Current Ratio**: The current ratio increased 1.02 from 0.97, indicating a robust liquidity position. This ratio demonstrates the Company's ability to meet its short-term obligations with its current assets.

**Debt to Equity Ratio**: The debt to equity ratio decreased to 0.16 from 0.2, reflecting the Company's better cash flow for loan repayment as per schedule. Despite the decrease, the ratio remains at a manageable level, indicating prudent cash management.

**Quick Ratio**: The quick ratio decreased to 0.28 from 0.34 for the balance of the cash and cash equivalent on the reporting date was low.

**Interest Coverage Ratio**: The interest coverage ratio was 10.45, demonstrating the Company's ability to meet its interest obligations comfortably from its operating earnings.

**Operating Cash Flow Ratio**: The operating cash flow ratio decreased to -0.13 from 0.3. It was cash used in deposit and advance for new project. We have already achieved the financing for new project.

**Asset Turnover Ratio**: The asset turnover ratio although slightly decreased to 0.15 from 0.26, indicating the efficiency with which the Company uses its assets to generate revenue.

These ratios highlight the Company's strong liquidity position, efficient asset utilization, and effective cash flow management, underscoring its robust financial health.

**Forward Outlook**

Myanmar Agro Exchange Public Company Limited (MAEX) is poised for sustained growth, driven by its strategic initiatives and robust financial performance. The successful completion of the Market Buildings, Shop House and Medium Wholesale Buildings at Danyingone Wholesale

Market and continue to develop the Medium Wholesale Buildings as per project plan are establish a strong foundation for future expansion.

MAEX is also focusing on the Assembly Market development project in southern Shan State. This project represents the company's first step in expending operations beyond Yangon.

Through its partnership with Yangon City Development Committee (YCDC), MAEX contributes significantly to develop the Yangon City and local economic development by allocating 25% of net profits from rents and property sales. The company has also continued to strengthen its Corporate Social Responsibility (CSR) initiatives. During the reporting period, visiting and donating to areas affected by natural disasters also demonstrates the company's commitment to supporting the community.

The first half of the 2025-2026 financial year has been a defining period for Myanmar Agro Exchange Public Company Limited, marked by exceptional financial performance, successful strategic investments.